# ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန် အစည်းအဝေး

# နဝမနေ့ အစီအစဉ်

# [ ၁- ၁၂ - ၂၀၁၆ ]

# (ကြာသပတေးနေ့ )

၁။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ နေရာယူခြင်း။

၂။ အမျိုးသားလွှတ်တော် အစည်းအဝေး အထမြောက်ကြောင်းနှင့် စတင်ကျင်းပကြောင်း ကြေညာခြင်း။

၃။ အမျိုးသားလွှတ်တော် နဝမနေ့ အစည်းအဝေး အစီအစဉ် ကြေညာခြင်း။

၄။ အစည်းအဝေး မတက်ရောက်နိုင်သော အမျိုးသားလွှတ်တော် ကိုယ်စားလှယ်များက ခွင့်ပန်ကြားခြင်းနှင့် အမျိုးသားလွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၅။ ကြယ်ပွင့်ပြထားသည့် အောက်ပါ မေးခွန်းများကို သက်ဆိုင်ရာ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်များက မေးမြန်းခြင်းနှင့် သက်ဆိုင်ရာပြည်ထောင်စုအဆင့် အဖွဲ့အစည်းဝင်များက ဖြေကြားခြင်း -

(က) ဦးစောသန်းထွန်း၊ ကရင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၂)၏ **၂၀၁၂ ခုနှစ်က ဧကပေါင်း ၉၆၉ ဧကဖြင့် အကောင်အထည်ဖော်ခဲ့သည့် ကရင်ပြည်နယ်၊ ဘားအံစက်မှုဇုန်** နှင့် စပ်လျဉ်း၍ သိရှိလိုသည့် မေးခွန်း၊

(ခ) ဦးစိုးသိန်း၊ ကယားပြည်နယ် မဲဆန္ဒနယ်အမှတ်(၉)၏ **သယံဇာတ အရင်းအမြစ် တူးဖော်ထုတ်လုပ်ရေးလုပ်ငန်းများ ပွင့်လင်းမြင်သာမှု ဖော်ဆောင်ရေး Extractive Industries Transparency Initiative (EITI) လုပ်ငန်းအား ဆက်လက်ဆောင်ရွက် အကောင်အထည်ဖော်မှု အခြေအနေအား သိရှိလိုခြင်း** နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( ဂ ) ဦးလားလ်မင်းထန်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၀)၏ **ချင်းပြည်နယ်၊ ဟားခါး - မတူပီလမ်းမကြီးမှ ခွဲထွက်သော တိန်ဆီး - တီလပ် - ဝေါ်တီး လမ်းအပိုင်းမှ ဖောက်လုပ်ပြီးခဲ့သော ၂၃မိုင် ၇ ဖာလုံ လမ်းပိုင်းမှ ပြိုကျမြေပုံများကို ၂၀၁၆-၂၀၁၇ ဘဏ္ဍာရေးနှစ် ဖြည့်စွက်ရန်ပုံငွေဖြင့် ဖယ်ရှားရှင်းလင်းပေးရန်နှင့် ကေလုံ- ဘလေး - လုံငိုးကျေးရွာ အထိ ၁၀ မိုင်အား ဆက်လက်ဖောက်လုပ်ပေးရန်** အစီအစဉ်ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

(ဃ) ဦးဂျေယောဝူ၊ ကချင်ပြည်နယ် မဲဆန္ဒနယ်အမှတ်(၁)၏ **နောင်မွန်းမြို့နယ်ရှိ ပန်နန်းဒင် - (၁၅)မိုင် - ငါဝါ - (၁၅)မိုင် - ဂဝိုင် - (၁၃)မိုင် - ဒုံဇုံ - (၆)မိုင် - တဆူထု - (၄)မိုင် - ထလာထု - (၅)မိုင် - ခရောင် - (၅)မိုင် - ဒဟွန်းဒမ်း စုစုပေါင်း(၆၃)မိုင် နှင့် ဒုံဇုံ - (၄)မိုင် - (၁၅၀)ပေ ဆန်ခူလောင် ကြိုးတံတား - ထအွန်းဒမ်း - (၃)မိုင် - ဆန်ဒမ်း - (၂)မိုင် - မဒိန်း စုစုပေါင်း (၉)မိုင်ကို ၈ ပေ ဆိုင်ကယ် မြေသားလမ်း ဖောက်လုပ်ပေးရန်၊ လုံးနတ်ဘူဒဲ - (၁၅)မိုင် - ငါဝါ အကြားရှိ (၁၅၀)ပေ မူလ ဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတား အား ပြန်လည်တည်ဆောက်ပေးရန် နှင့် တဆူထု (၁၅၀)ပေ၊ မေခမြစ်ကူး ကြိုးတံတားနှင့် ဒဟွန်းဒမ်း (၁၅၀)ပေ အန္တရာယ်ရှိ ဆိုင်ကယ်မေခမြစ်ကူး ကြိုးတံတား(၂) စင်းအား အဆင့်မြှင့်ပြုပြင်ပေးရန်** အစီအစဉ် ရှိ/မရှိတို့နှင့် စပ်လျဉ်းသည့် မေးခွန်း၊

( င ) ဦးမျိုးထပ်(ခ) ဆလိုင်းမျိုးထိုက်၊ ချင်းပြည်နယ် မဲဆန္ဒနယ်အမှတ်(၁၂)၏ **ချင်းပြည်နယ်၊ ပလက်ဝမြို့နယ်၊ ဆမီးမြို့နှင့် မတူပီမြို့နယ်၊ လိုင်လင်းပီမြို့ အကြားရှိ ဆမီး - လိုင်လင်းပီ ဆက်သွယ်သည့် ကားလမ်းအား နယ်စပ်ရေးရာ ဝန်ကြီးဌာနမှ တာဝန်ယူဖောက်လုပ်ပေးရန်** အစီအစဉ် ရှိ/မရှိနှင့် စပ်လျဉ်းသည့် မေးခွန်း။

၆။ အမျိုးသားလွှတ်တော်က အတည်ပြုပြီး ပေးပို့ထားသော မြန်မာ့ပိုင်နက်ပင်လယ်နှင့် ပင်လယ်ဇုန်များ ဥပဒေကြမ်းကို ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာခြင်းနှင့် စပ်လျဉ်း၍ လွှတ်တော်ကိုယ်စားလှယ်က ဆွေးနွေးခြင်း-

- ဦးမောင်မောင်အုန်း၊ ဧရာဝတီတိုင်းဒေသကြီး မဲဆန္ဒနယ်အမှတ်(၅)

၇။ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီဥက္ကဋ္ဌ၊ အတွင်းရေးမှူး သို့မဟုတ် ကော်မတီက တာဝန်ပေးအပ်သော ကော်မတီဝင်က နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့်စပ်လျဉ်း၍ ဥပဒေကြမ်းကော်မတီ၏ အစီရင်ခံစာကို ပြန်လည်ဖတ်ကြား ရှင်းလင်းခြင်း။

၈။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ပြည်သူ့လွှတ်တော်က ပြင်ဆင်ချက်ဖြင့် ပြန်လည်ပေးပို့လာသော နိုင်ငံ့ဝန်ထမ်း ဥပဒေကို ပြင်ဆင်သည့် ဥပဒေကြမ်းနှင့် စပ်လျဉ်း၍ အမျိုးသားလွှတ်တော် ဥပဒေကြမ်းကော်မတီက စိစစ်တင်ပြသည့် အစီရင်ခံစာအပေါ် လွှတ်တော်၏ အဆုံးအဖြတ် ရယူခြင်း။

၉။ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌက ဒုတိယအကြိမ် အမျိုးသားလွှတ်တော် တတိယပုံမှန်အစည်းအဝေး နဝမနေ့ ရပ်နားကြောင်းနှင့် ဒသမနေ့ အစည်းအဝေး ဆက်လက်ကျင်းပမည့် နေ့ရက်နှင့်အချိန်ကို ကြေညာခြင်း။